**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

**ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန**

စာအမှတ်၊ ၂၂၄ /ရွေးချယ်ရေး(ထွေ) /၂၀၂၄

ရက်စွဲ ၊ ၂၀၂၄ ခုနှစ် ၊ မေလ ၁၅ ရက်

သို့

-----------------------------

-----------------------------

အကြောင်းအရာ။ **နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ဖွင့်လှစ်မည့် အရာထမ်းလောင်း(အထူး)သင်တန်းအမှတ်စဉ်(၁၃)သို့ တက်ရောက်ရန်ကိစ္စ**

ရည် ညွှန်း ချက် ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၁၅-၅-၂၀၂၄ ရက်စွဲပါကြေညာချက်အမှတ်၊ ၅/ ၂၀၂၄

၁။ လူကြီးမင်းသည် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ၁၅-၅- ၂၀၂၄ ရက်စွဲပါကြေညာချက်အမှတ်၊ ၅/၂၀၂၄ ဖြင့် ထုတ်ပြန်ခဲ့သည့် ကြေညာချက်အပိုဒ်(၃)ပါအတိုင်း ရွေးချယ်ခြင်းခံရသူများသည် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)တွင် ၃-၆-၂၀၂၄ ရက်နေ့မှ ၂၀-၉-၂၀၂၄ ရက်နေ့အထိ ဖွင့်လှစ်မည့် **"အရာထမ်းလောင်း(အထူး)သင်တန်းအမှတ်စဉ်(၁၃)"** သို့ တက်ရောက်ရမည်ဖြစ်ပြီး အဆိုပါသင်တန်းကို အောင်မြင်စွာ တက်ရောက်ပြီးမှသာ ရွေးချယ်ခြင်းခံရသည့် ဌာနစုမှူး(၂)/ တတိယအတွင်းဝန်ရာထူးနေရာ၌ ခန့်ထားခြင်းခံရမည်ဖြစ်ပါသည်။

၂။ **သင်တန်းတက်ရောက်ရန်အတွက် မိမိအစီအစဉ်ဖြင့်သွားရောက်ရမည်ဖြစ်ပြီး (၂၇-၅- ၂၀၂၄)ရက် (တနင်္လာနေ့) နောက်ဆုံးထား၍** ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန (ဖုန်းအမှတ်၊ ၀၆၇-၃၄၀၉၀၅၂/ ၀၆၇-၃၄၀၉၄၃၀/ ဖက်စ်နံပါတ်၊ ၀၆၇ - ၃၄၀၉၅၄၀ ) သို့ ကြိုတင်သတင်းပို့ အကြောင်းကြားရမည်ဖြစ်ကာ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်( အထက်မြန်မာပြည် )သို့ **(၃၁- ၅ - ၂၀၂၄ ) ရက်(သောကြာနေ့) ညနေ ၁၈:၀၀ နာရီ နောက်ဆုံးထား၍ ရောက်ရှိသတင်းပို့ရမည်ဖြစ်ပါသည်။**

၂/သို့

၃။ သင်တန်းတက်ရောက်ရန်အတွက် “**သင်တန်းဝင်ညွှန်ကြားလွှာ**”၌ ဖော်ပြပါရှိသည့် စာရေးကိရိယာနှင့်အသုံးအဆောင်ပစ္စည်းများကိုပြည့်စုံစွာယူဆောင်သွားရန်နှင့် **သင်တန်းသို့တက်ရောက်နိုင်ခြင်းမရှိပါက စာပိုဒ်(၂)ပါဖုန်းနှင့်ဖက်စ်နံပါတ်များသို့ ကာယကံရှင်ကိုယ်တိုင် တယ်လီဖုန်း (သို့မဟုတ်) တယ်လီဖက်စ် (သို့မဟုတ်)ကိုယ်တိုင်ရေးစာဖြင့် အချိန်မီမပျက်မကွက်အကြောင်းကြားရန်ဖြစ်ပါသည်။** ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ သင်တန်းတက်ရောက်ရန် ပျက်ကွက်ပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့တွင် မှတ်တမ်းတင်ထားရှိမည်ဖြစ်ပြီး **“ရွေးချယ်ခြင်းခံရသည့်ရာထူးတွင်တာဝန်ထမ်းဆောင်လိုခြင်းမရှိ”** ဟု မှတ်ယူမည်ဖြစ်ကြောင်း အသိပေးဖော်ပြအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ် ( ကိုယ်စား )

( စုစုအေး ၊ ညွှန်ကြားရေးမှူး )

မိတ္တူကို

ဥက္ကဋ္ဌရုံးအဖွဲ့၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)

လေ့ကျင့်ရေးဌာနစိတ်

ရုံးလက်ခံ

မျှောစာတွဲ